**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**
**(၂၉) ရက်မြောက်နေ့အစီအစဉ်**
**( ၂၄ – ၇ –၂၀၂၆ ) (သောကြာနေ့)  နေ့လယ် ၁၃:၃၀ နာရီ**

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင်မြင့်၊ ဒလမဲဆန္ဒနယ်၏ **ပြည်သူ့ဝန်ဆောင်မှုရုံး (OSSရုံး)များ ဖွင့်လှစ်လျက်ရှိသော်လည်း အချို့ရုံးမြေနေရာ၊ ရုံးသုံးပစ္စည်းကိရိယာများနှင့် ဘဏ္ဍာငွေမရှိတို့ခြင်းကြောင့် တိုးမြှင့်ထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးစောမောင်၊ ဆားလင်းကြီးမဲဆန္ဒနယ်၏ **ယင်းမာပင်ခရိုင်ရှိ နေရပ်စွန့်ခွာသူများ နေရပ်ပြန်ရန် ခက်ခဲလျက်ရှိပါသဖြင့် အကြမ်းဖက်များ ကင်းစင် ပပျောက်ရေး အမြန်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးငွါးရဲ့ဆဲ၊ မချမ်းဘောမဲဆန္ဒနယ်၏ **မချမ်းဘောမြို့နယ်တွင် မီးသတ်ဦးစီး ဌာနအတွက် အဆောက်အဦကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ် ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးထွန်းထွန်းအောင်၊ မိုးကောင်းမဲဆန္ဒနယ်၏ **မန္တလေး– မြစ်ကြီးနားလမ်းပေါ်ရှိ တရားဝင် လုံခြုံရေးဂိတ်များ၏ တရားမဝင် ကောက်ခံနေမှုများကို လျှော့ပါး/ ပပျောက်အောင် ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(င) ဦးအေးချမ်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မဲဆန္ဒနယ်၏ **အင်တာနက်ဝန်ဆောင်မှုပေးသူများ၏ စွမ်းဆောင်ရည်ကို စစ်ဆေးထုတ်ပြန်ပေးရန်နှင့် စာချုပ်ပါ စွမ်းဆောင်ရည်ထက် ကျဆင်းနေသော ကုမ္ပဏီများကို မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) စိုင်းကျော်လှ၊ ကွန်ဟိန်းမဲဆန္ဒနယ်၏ **ကွန်ဟိန်းမြို့နယ် ဟိုပန်၊ တာကော်နှင့် ဝမ်ပတ်ကျေးရွာအုပ်စုများအပါအဝင် ကျေးရွာခွဲများအား သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဒေါ်အိဖြူလွင်၊ ဂန့်ဂေါမဲဆန္ဒနယ်၏ **အကြောင်းအမျိုးမျိုးကြောင့် နှစ်အောက်ခဲ့ရသော လက်ရှိကျောင်းတက်နေသည့် ကလေးများအား Placement Test ပညာရေးအစီအစဉ်တွင် ပါဝင်ခွင့် သို့မဟုတ် သင့်လျော်သည့် အစီအစဉ်ဖြင့် အသက်နှင့် အတန်းချိန်ညှိပေးနိုင်ခြင်း ရှိ၊ မရှိနှင့် အသက် ၁၅ နှစ်ကျော်မှ ၁၈ နှစ်အရွယ် ကလေးများအတွက် ကျောင်းပြင်ပ ပညာရေးကျောင်း အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးဂုဏ်ဝမ်း၊ ခန္တီးမဲဆန္ဒနယ်၏ **ခန္တီးမြို့နယ်အတွင်း ဆရာ/ ဆရာမ လိုအပ်လျက်ရှိသည့် ကျောင်းများအားလုံးကို ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ခန့်အပ်နိုင်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ခန့်အပ်မည်ဆိုပါက မည်သည့်အချိန် ခန့်အပ်မည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးဝင်းနိုင်၊ ပုသိမ်ကြီးမဲဆန္ဒနယ်၏ **အရွယ်မရောက်သေးသူများ၏ Mobile Phone နှင့် Online Platform အသုံးပြုမှုအပေါ် ကန့်သတ်ထိန်းချုပ်ခြင်း၊ Parental control စနစ်များ တိုးမြှင့်ခြင်း၊ ကျောင်းများအတွင်း mobile phone အသုံးပြုမှု စည်းကမ်းသတ်မှတ်ခြင်းနှင့် digital safety ပညာပေး အစီအစဉ်များ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဦးခင်မောင်ချင်း၊ မြဝတီမဲဆန္ဒနယ်၏ **မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ ပညာရေးဌာနပိုင်မြေပေါ်တွင် ပညာရေးဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၀) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။